# Second Sunday of Advent YEAR C

## 1st READING: *Bar 5:1-9*

ဘာရုအနာဂတ္တိကျမ်း **5:1-9**

အိုဂျေရုဆလင်သင်၏ဝမ်းနည်းငိုကြွေးခြင်းကာလ၏ဝတ်ရုံကိုချွတ်ခွာလော့။ ဘုရားသခင်၏အစဉ်ထာဝရတောက်ပသော ဘုန်းဂုဏ်တော်ကိုဝတ်ဆင်လော့။ ဘုရားသခင်ထံမှလာသောသန့်ရှင်းဖြောင့်မတ်ခြင်းဝတ်ရုံကိုလွှမ်းခြုံလော့။ထာဝရဘုရားသခင်၏ဘုန်းဂုဏ်တော်သရဖူကိုသင်၏ဦးခေါင်းပေါ်တွင်ဆောင်းထားပါလော့။ အကြောင်းမူကားဘုရားသခင်သည် သင်၏ဂုဏ်ကျက်သရေကိုကောင်းကင်အောက်မှာရှိသူတိုင်းအားပြတော်မူလိမ့်မည်။ဘုရားသခင်သညသင်၏အမည်ကို ဖြောင့်မတ်ခြင်း၏ငြိမ်းချမ်းသာယာမှုနှင့်ဘုရားတရားကြည်ညိုခြင်း၏ဂုဏ်ကျက်သရေဟုအစဉ်ခေါ်ဝေါ်သမုတ်လိမ့်မည်။ အိုဂျေရုဆလင်၊ထလော့။တောင်ထိပ်၌ရပ်လျက်အရှေ့သို့လှမ်းမျှော်ကြည့်လော့။သန့်ရှင်းသောအရှင်သခင်၏ဗျာဒိတ်တော် အတိုင်းသင်၏သားသမီးတို့သည်နေထွက်ရာအရပ်နှင့်နေဝင်ရာအရပ်အထိစုဝေးရောက်ရှိလာကြသည်ကိုကြည့်လော့။ ဘုရားသခင်သည်သူတို့ကိုသတိရတော်မူသောကြောင့်သူတို့သည်ဝမ်းမြောက်ရွှင်လန်းလျက်ရှိကြ၏။ သူတို့ကိုရန်သူများ ခေါ်ဆောင်စဉ်ကသူတို့သည်သင့်ထံမှခြေလျင်ထွက်ခွာသွားခဲ့ကြရ၏။ သို့သော်ဘုရားသခင်သည်သူတို့ကိုရာဇပလ္လင်ပေါ် တွင်သယ်ဆောင်သကဲ့သို့ဘုန်းကျက်သရေနှင့်သင့်ထံသို့ပြန်လှည့်လာလိမ့်မည်။ အကြောင်းမူကားဘုရားသခင်သည်မြင့် သောတောင်ရှိသမျှတို့နှင့်ရှုမျှော်မဆုံးနိုင်သောကုန်းမြင့်များကိုနိမ့်စေတော်မူ၍ချိုင့်ဝှမ်းများ၊လျှိုများတို့ကိုပြည့်စေလျက်ညီ ညာသောမြေပြင်ဖြစ်စေရန်အမိန့်တော်ရှိ၏။ သို့မှသာအစ္စရေးလ်လူမျိုးသည်ဘုရားသခင်၏ဘုန်းတော်ဂုဏ်တော်၌လုံခြုံ ဘေးကင်းစွာလျှောက်လှမ်းလာနိုင်လိမ့်မည်။ မွှေးကြိုင်သောနံ့သာပင်တို့နှင့်တောအုပ်များပင်လျှင်ဘုရားသခင်၏အမိန့် တော်အတိုင်းအစ္စရေးလ်ကိုအရိပ်အာဝါသပေးကြလိမ့်မည်။ အကြောင်းမူကားဘုရားသခင်သည်အစ္စရေးလ်လူမျိုးတို့အား မိမိလူမျိုးတို့အားဝမ်းမြောက်ပျော်ရွှင်ခြင်းဖြင့်မိမိ၏ဘုန်းတော်ဂုဏ်တော်၏အလင်းရောင်အောက်တွင်ကိုယ်တော်၏သနား ကရုဏာတော်နှင့်ဖြောင့်မတ်ခြင်းတို့ခြံရံလျက်ဦးဆောင်တော်မူမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm  Psalms  126: 1-2, 2-3, 4-5, 6**
ဆာလံကျမ်း ၁၂၆

**သံပြိုင်။** ။ ထာဝရဘုရားသည်ငါတို့အတွက်ကြီးမြတ်သောအမှုအရာတို့ကိုပြုတော်မူပြီ။

**၁။**ထာဝရဘုရားသည်ငါတို့အားဇိအုံသို့ပြန်လည်ခေါ်ဆောင်လာသောအခါငါတို့သည်အိပ်မက်မက်နေသကဲ့သို့ဖြစ်ကြ၏။
ငါတို့၏နှုတ်သည်ရယ်မောခြင်း၊ငါတို့၏လျှာသည်ဝမ်းမြောက်စွာကြွေးကြော်ခြင်းတို့ဖြင့်ပြည့်နှက်နေပါ၏။**(သံပြိုင်)**

၂။ ထို့နောက်တိုင်းနိုင်ငံများကထာဝရဘုရားသည်ဤသူတို့အတွက်ကြီးမြတ်သောအမှုတို့ကိုပြုတော်မူပြီဟုဆိုကြ၏။
ထာဝရဘုရားသည်ငါတို့အတွက်ကြီးမြတ်သောအမှုအရာတို့ကိုပြုတော်မူပြီ။ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြပါ၏။
**(သံပြိုင်)**

၃။ နီဂေ့သဲကန္တာရ၏ခြောက်သွေ့သောချောင်းများကိုရေဖြင့်ပြည့်စေသကဲ့သို့တပည့်တော်တို့စီပွားဥစ္စာလည်းကိုပြန်
လည်ပေးသနားတော်မူပါ။ မျက်ရည်ကျလျက်မျိုးစေ့ကြဲရသောသူတို့သည်ဝမ်းမြောက်ဝမ်းသာအော်ဟစ်လျက်ရိတ်သိမ်း
ကြရပါစေ။ **(သံပြိုင်)**

၄။ မျက်ရည်ကျလျက်မျိုးစေ့များကိုမျိုးကြဲရန်ယူဆောင်သွားသူသည်ကောက်လှိုင်းများကိုသယ်ဆောင်လျက်ဝမ်းမြောက်
ဝမ်းသာအော်ဟစ်ရင်းအိမ်သို့ပြန်လာလိမ့်မည်။ **(သံပြိုင်)**

## 2nd READING: *Phil 1:4-6, 8-11*

ဖိလိပ္ပိဩဝါဒစာ ၁း၄–၆၊ ၈–၁၁

ငါသည်သင်တို့အားလုံးအတွက်အစဉ်မပြတ်ဆုတောင်းပေးပါ၏။ အကြောင်းမှာသခင်ဘုရား၏အမှုတော်ကိုငါစတင်ဆောင်ရွက်သည့်အချိန်မှစ၍ယနေ့တိုင်အောင်သတင်းကောင်းကိုဟောပြောကြေငြာရာတွင်သင်တို့သည်ငါနှင့်အတူလုပ်ဆောင်ခဲ့ကြသောကြောင့်ဖြစ်၏။ ထို့ကြောင့်သင်တို့တွင်ကောင်းသောအမှုကိုပြုတော်မူခဲ့သောဘုရားသခင်သည်ခရစ်တော်ယေရှုကြွလာတော်မူသောနေ့အထိထိုအမှုကိုပြီးမြောက်သည့်တိုင်အောင်ပြုတော်မူလိမ့်မည်ဟုငါယုံကြည်စိတ်ချလျက်ရှိပါ၏။ ငါသည်သင်တို့ကိုခရစ်တော်ယေရှု၏မေတ္တာတော်အားဖြင့်အမှန်ပင်လွမ်းဆွတ်သတိရလျက်ရှိသည်မှာဘုရားသခင်သည်ငါ၏သက်သေဖြစ်တော်မူ၏။ သင်တို့အားလုံးသည်စစ်မှန်သောဝေဖန်ပိုင်းခြားတတ်သောစွမ်းရည်ဉာဏ်ပညာတို့နှင့်ပြည့်စုံ၍မေတ္တာပါရမီ၌ပိုမိုတိုးပွားလာကြစေရန်အတွက်ငါဆုတောင်းပတ္တနာပြုပါ၏။သို့မှသာလျှင်သင်တို့သည်အမြင့်မြတ်ဆုံးသောအရာကိုရွေးချယ်နိုင်ကြမည်ဖြစ်သည်။ ထို့အပြင်သင်တို့အားလုံးသည်ခရစ်တော်ကြွလာတော်မူသောနေ့ရက်၌အညစ်အကြေးနှင့်ကင်းစင်ကြလျက်အပြစ်တင်ခွင့်နှင့်ကင်းလွတ်ကြလိမ့်မည်။ ထို့အပြင်သင်၏ဘဝသက်တာတွင်လည်းဘုရားသခင်၏ဘုန်းတော်ဂုဏ်တော်ထွန်းတောက်စေရန်နှင့်ဂုဏ်တော်ချီးမွမ်းရန်အတွက်သခင်ယေရှုခရစ်တော်ရှင်အားဖြင့်သာလျှင်ပေးသနားနိုင်သောစစ်မှန်သည့်အရည်အသွေးကောင်းများနှင့်ပြည့်စုံကြမည်ဖြစ်သည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: Lk 3: 1-6

ရှင်လုကာဧဝံဂေလိကျမ်း ၃း၁–၆

တိဘေးရိဦးဆီဇာဘုရင်နန်းစံတစ်ဆယ့်ငါးနှစ်မြောက်တွင်ဂျူဒပြည်၌ပုံစီဦးပီလာတုမင်းသည်ဘုရင်ခံဖြစ်လာ၏။ ဟေရုဒ်သည်ဂါလိလေပြည်၏ဘုရင်ခံဖြစ်ပြီးသူ၏ညီဖိလစ်သည်အီတူးရိယနှင့်တြာကိုနိတ်ဒေသတို့တွင်လည်းကောင်း၊လိဇာနိယသည်အာဘီလင်းပြည်တွင်လည်းကောင်းအသီးသီးဘုရင်ခံများဖြစ်ကြ၏။ အန္နာနှင့်ကာအိဖတို့သည်လည်းရဟန်းအကြီးအကဲများဖြစ်ကြစဉ်ဘုရားသခင်၏ဗျာဒိတ်တော်သည်တောကန္တာရတွင်ရှိနေသောယောဟန်ထံသို့ရောက်ရှိလာ၏။ အပြစ်ခွင့်လွှတ်ခြင်းခံရရန်နောင်တတရားနှင့်ဆိုင်သောဆေးကြောခြင်းကိုယောဟန်သည်ဂျော်ဒန်မြစ်ဝှမ်းတစ်လျှောက်တွင်ဟောပြောလေ၏။ ပရောဖက်အီဇာယဟောထားသောကျမ်းချက်တွင်ပါရှိသည့်အတိုင်းတောကန္တာရ၌ကြွေးကြော်သောသူ၏အသံသည်ကားထာဝရဘုရားကြွလာတော်မူမည့်လမ်းကိုပြင်ဆင်ကြလော့။ကိုယ်တော်၏လမ်းများကိုဖြောင့်တန်းစေကြလော့။ချိုင့်ဝှမ်းများကိုဖြည့်ကြရလိမ့်မည်။ တောင်းကြီးတောင်ငယ်ရှိသမျှတို့ကိုဖြိုကြရလိမ့်မည်။ ကွေ့ကောက်သောလမ်းများကိုဖြောင့်တန်းစေကြရမည်။ ကြမ်းတမ်းသောလမ်းများကိုညီညာစေရမည်။ လူအပေါင်းတို့သည်ထာဝရဘုရား၏ကယ်တင်ခြင်းကိုတွေ့မြင်ကြရလိမ့်မည်ဟုဟောကြားတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။